# ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး

# ၃၃ ရက်မြောက်နေ့ အစီအစဉ်

# [ ၂၅-၃-၂၀၁၅ ] ( ဗုဒ္ဓဟူးနေ့ )

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၃၃ ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း-

(က) ဦးသန်းဦး၊ မြဝတီ မဲဆန္ဒနယ်၏ **ပြည်ထောင်စုဘဏ္ဍာ ရန်ပုံငွေများမှ ပညာရေး၊ ကျန်းမာရေး ကဏ္ဍများတွင် တည်ဆောက်ခွင့်ရ တင်ဒါအောင် ကုမ္ပဏီများ၏ မူလစာချုပ်ပါ သတ်မှတ်ချက်အတိုင်း အပြည့်အဝ အကောင်အထည်ဖော်နိုင်ခြင်း မရှိမှုအပေါ် မည်သို့ အရေးယူဆောင်ရွက်မည်ကို သိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဦးသိန်းထွန်း၊ ကျောင်းကုန်း မဲဆန္ဒနယ်၏ **အခြေခံပညာကျောင်းများ အဆင့်မြှင့်တင်ခြင်း၊ ဆရာ၊ ဆရာမများ ရာထူးတိုးခန့်ထားခြင်း၊ ပြောင်းရွှေ့ခြင်းများကို ကျောင်းသားများ ထိခိုက်နစ်နာမှု မရှိစေရေး အတွက် မည်ကဲ့သို့ စီမံဆောင်ရွက်ထားသည်ကို သိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးကျော်မြင့်၊ မြန်အောင် မဲဆန္ဒနယ်၏ **မြန်အောင်မြို့နယ်ရှိ လျှပ်စစ်မြစ်ရေတင် စီမံကိန်း (၃)ခုနှင့် ကညင်ဆည်–မမြဆည် ဆည်ကြီးတို့၏ ရေသွင်းရေထုတ်စနစ်များ ကောင်းမွန်မှု မရှိပါသဖြင့် နိုင်ငံတော်မှ ပြည့်ဆည်းဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးတင်ထွေး၊ အုတ်ဖို မဲဆန္ဒနယ်၏ **အုတ်ဖိုမြို့နယ်ရှိ ဂမုန်းဆည် ရေသောက်ဧရိယာအတွင်း ရေပေးအဆောက်အဉီ၊ တိမ်ကောနေသော ရေပေးမြောင်းများနှင့် လှည်းကူးတံတားများ တည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(င) ဦးသန်းစိန်၊ ကြည့်မြင်တိုင် မဲဆန္ဒနယ်၏ **ကြည့်မြင်တိုင်မြို့နယ်၊ မြို့ဖက်ကမ်းမှ တစ်ဖက်ကမ်းရှိ ရွာများသို့ ပြည်ထောင်စုအစိုးရ ဘတ်ဂျက်ငွေဖြင့် တံတားတစ်စင်း တည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(စ) ဦးစိုင်းဝင်းခိုင်၊ သိန္နီ မဲဆန္ဒနယ်၏ **သိန္နီမြို့ရှောင်ကွင်းလမ်းကို ဖောက်လုပ်ပေးရန်နှင့် မြို့ရှောင်ကွင်းလမ်း မဖောက်လုပ်မီ ယာဉ်အန္တရာယ်ကင်းရှင်းစေရေးအတွက် မည်ကဲ့သို့ ဆောင်ရွက် ပေးမည်ကို သိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

၆။ ဦးအေးမောက်၊ မလှိုင် မဲဆန္ဒနယ်က **“ ကျေးလက်မြို့နယ်၊ ခရိုင်များကို အဓိကဆက်သွယ်ပေးသော လူမှုရေး၊ စီးပွားရေး အစ အဓိကကျသည့် ခရိုင်ချင်းဆက်လမ်းများ၊ ဒီစကြိတ်ကောင်စီလမ်းများကို ဆောက်လုပ်ရေးဝန်ကြီးဌာနမှ တာဝန်ယူလွှဲပြောင်း လည်ပတ်ဆောင်ရွက်ပေးနိုင်ပါရန် ”** အဆို တင်သွင်းခြင်း နှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၇။ စက်မှုဝန်ကြီးဌာနက **“ ဘွိုင်လာ ဥပဒေကြမ်း”** ကို တင်သွင်းခြင်း၊

၈။ **“ ဘွိုင်လာ ဥပဒေကြမ်း”** နှင့် စပ်လျဉ်း၍ ဥပဒေကြမ်း ကော်မတီက အစီရင်ခံစာ ဖတ်ကြားရှင်းလင်းခြင်း၊

၉။ စက်မှုဝန်ကြီးဌာနက တင်သွင်းသည့် **“ ဘွိုင်လာ ဥပဒေကြမ်း”** ကို ဆွေးနွေး၍ ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း၊

၁၀။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၃၃ ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ၃၄ ရက်မြောက်နေ့ ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။